# မိန်းမလှကျွန်းကျေးရွာ
# ဘားအံမြို့နယ်

## ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၈ – ၂၀၂၂)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
မိန်းမလှကျွန်းကျေးရွာ၊ ဘားအံမြို့နယ်
(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)
၂၀၁၉ ခုနှစ်၊ မေလ

## မာတိကာ


မာတိကာ ၂

အတိုကောက်စကားလုံးများ ၅

စကားချီး ၆

မိန်းမလှကျွန်းကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ဘားအံမြို့နယ် ၈

မိန်းမလှကျွန်းကျေးရွာရာသီခွင်ပြ ပြက္ခဒိန် ၉

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ် ၁၀**

(၁) နိဒါန်း– ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၁၀

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၂

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၂

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၅

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ္ဍာနှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု – လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၈

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၉

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့် မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ ၂၀

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၀

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

(ခ) ကဏ္ဍ နှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

(ဂ) ဦးစားပေး စီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၃

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၄

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၂၆

(က) ကြီးကြပ်စစ်ဆေးခြင်း

(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

(ဂ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ** ၂၈

(၁) လူမှုစီးပွားရေး အခြေအနေ

**ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

**ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား**

**ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

**ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု**

**ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ**

**ဇယား ၆ ဥစ္စာဓနအဆင့် အခြေအနေ**

**ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ**

**ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ**

**ဇယား ၉ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**

**ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ**

(၂) ကဏ္ဍအသီးသီး၏**လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ**

**ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ**

ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား ၁၃ ကျေးရွာ၏**စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**

**ဇယား ၁၄** ကျေးရွာ၏ ရေအရင်းအမြစ် နှင့် **ရေသွင်းဧရိယာ**

**ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း**

**ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု**

**ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ**

**ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ**

**ဇယား** ၁၉ **မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ**

ဇယား ၂၀ **မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ**

ဇယား ၂၁ **မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ**

ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား ၂၃-က **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ

ဇယား ၂၃-ခ **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် **ပြဿနာနှင့် အခက်အခဲ**များ

ဇယား ၂၄ **ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ**

**ဇယား ၂၅ ရွှေ့ပြောင်းသွားလာ**ရခြင်း၏ အဓိက အကြောင်းရင်း

ဇယား **၂၆** ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ

**ဇယား** ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

**ဇယား** ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား ၂၉ **သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ**

ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း

ဇယား ၃၁ ကျောင်းတက်နှုန်း

ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား ၃၃ **ပညာရေး** အခက်အခဲနှင့် ပြဿနာများ

ဇယား ၃၄ **အဖြစ်များသော** ရောဂါများ

**ဇယား ၃၅ လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှုနှင့် အာဟာရဆန်းစစ်မှု**

ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ဇယား ၃၇ သောက်သုံးရေရရှိနိုင်မှု

ဇယား ၃၈ အိမ်သာ အမျိုးအစား

ဇယား ၃၉ ကျား-မ ကိစ္စရပ်ဆိုင်ရာ

ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ

ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ

ဇယား ၄၂ ရ**ေကြောင်း** သယ်ယူပို့ဆောင်ရေး

ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ

ဇယား **၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ**

ဇယား **၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ**

**ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ**

**ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု**

**ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ**

**နောက်ဆက်တွဲ (၂) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ၆၆**

ကိုးကားစာရင်း ၆၇

## အတိုကောက်စကားလုံးများ

| | |
|---|---|
| DRD | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| NGO | အစိုးရမဟုတ်သောအဖွဲ့အစည်း |
| PRA | ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း |
| VDC | ကျေးရွာဖွံ့ဖြိုးရေးကော်မတီ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၈/၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂/၂၀၂၃ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူး တင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုး ပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက် ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများ မှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက် လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင် အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက် နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

မေလ ၊ ၂၀၁၉

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
မိန်းမလှကျွန်းကျေးရွာ
ဘားအံမြို့နယ်

### ဖအွံ့ကျေးရွာအုပ်စု၊ မိန်းမလှကျွန်းကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ဘားအံမြို့နယ်



## မိန်းမလှကျွန်းကျေးရွာ၏ရာသီခွင်ပြ ပြက္ခဒိန်



## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

### ၁ နိဒါန်း

### ၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလ အပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

**အစိုးရနှင့်အခြားအဖွဲ့အစည်းများအတွက် အသုံးဝင်မှု**

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက်မူဝါဒနှင့် ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက် လာနိုင်မည် ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများပြုလာနိုင်ပါမည်။

**၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု**

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့်အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့်စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

## ၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

### (က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ကျွန်တော်တို့မိန်းမလှကျွန်းကျေးရွာသည် ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ ထုံးအိုင်တိုက်နယ်၊ ဖအွံ့ကျေးရွာအုပ်စုအတွင်း တည်ရှိပါသည်။ ဘားအံမြို့နှင့် (၂၂)မိုင်ခန့်ကွာဝေးပြီး သံလွင်မြစ်၏ အရှေ့ဘက်ခြမ်း မြစ်ကမ်းဘေး၌ တည်ရှိပါသည်။ ရွာ၏အရှေ့ဘက်တွင် ကရင်ကောဲကျိုက်ကျေးရွာအုပ်စု၊ အနောက်ဘက်၌ သံလွင်မြစ်၊ တောင်ဘက်တွင် ဖအွံ့ကျေးရွာနှင့် မြောက်ဘက်၌ ထုံးအိုင်စံပြကျေးရွာ တည်ရှိပါသည်။ မိန်းမလှကျွန်းရွာသည် ၁၉၉၉ခုနှစ် မိုးရာသီ၌ သံလွင်မြစ်ရေ ရေကြီးရေလျှံမှုကြောင့် ရေတိုက်စားသဖြင့် ကမ်းပါးများပြိုကျ၍ ကိုင်းမြေများစွာ ပျက်စီးဆုံးရှုံးခဲ့ရပါသည်။ ထို့အပြင် ၂၀၀၀ ခုနှစ် မေလ၌ တစ်ရွာလုံးမနေရဲကြတော့ဘဲ ပြောင်းရွှေ့တည်ထားသောရွာ ဖြစ်ပါသည်။ မြေပြန့်ဒေသဖြစ်ပြီး ပျှမ်းမျှမိုးရေချိန်မှာ (၈၀)% ခန့်ရှိပါသည်။

### (ခ) သဘာဝသယံဇာတအရင်းအမြစ်များ

မိန်းမလှကျွန်းကျေးရွာသည် ရေအခက်အခဲမရှိဘဲ ရေအရင်းအမြစ်ပေါကြွယ်ဝသောရွာ ဖြစ်ပါသည်။ ကျေးရွာတွင် ကျောက်၊သဲ၊ကျောက်စရစ်များ ထွက်ရှိပါသည်။

## ၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က) လူဦးရေဆိုင်ရာအချက်အလက်များ

မိန်းမလှကျွန်းကျေးရွာတွင် စုစုပေါင်းလူဦးရေမှာ (၁ဂ၈၈)ယောက်ရှိပြီး အိမ်ခြေပေါင်း (၁၈၂)အိမ်ရှိပါသည်။ အိမ်ထောင်စုပေါင်း(၁၉၂)စုခန့်ရှိပါသည်။ ကျေးရွာတွင် ရှမ်းလူမျိုးများ ၇၅% ခန့်ရှိပြီး ကရင်လူမျိုး ၁ဂ%၊ မွန်လူမျိုး ၁ဂ%နှင့် ပအိုဝ်လူမျိုး ၅%ဖြင့် စုပေါင်းနေထိုင်ကြပါသည်။ တစ်ရွာလုံး ဗုဒ္ဓဘာသာကိုးကွယ်ကြပါသည်။ ကျေးရွာတွင်းရှိ လူငယ်များ၏ ၂၅% ခန့်သည် စီးပွားရေးအရ ယိုးဒယားနိုင်ငံနှင့် မလေးရှားနိုင်ငံတို့တွင် သွား၍ အလုပ်လုပ်ကြရပါသည်။ ကျန်သောလူငယ်များမှာ ပညာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လယ်လုပ်သား၊ ကိုင်းလုပ်သားများဖြစ်ကြပါသည်။

### (ခ)စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

ကျေးရွာတွင် မိုးရာသီ၌ လယ်လုပ်ငန်းလုပ်ကိုင်ကြပါသည်။ သဘာဝဘေးနှင့်ကြုံတွေ့၍ သံလွင်မြစ်ရေလျှံမှုကြောင့် စပါးများ ပျက်စီးသဖြင့် လယ်သမားများ ဒုက္ခရောက်ကြရပါသည်။ ဆောင်းသီးနှံအဖြစ် ပဲအမျိုးမျိုး၊ ပြောင်း၊ ပြုပ်၊ ခရမ်း၊ ခရမ်းချဉ်၊ ဂေါ်ဖီ၊ နှမ်း၊ မြေပဲ၊ သခွားများ စိုက်သောအခါတွင်လည်း မြေများထွန်ယက်ချိန်၌ ဓါတ်ဆီ၊ ဒီဇယ်ဈေးများ အဆမတန်မြင့်တက်ခြင်းကြောင့် မြေထွန်ယက်စရိတ်ကြီးမြင့်စွာ ပေးဆောင်ရပါသည်။ သွင်းအားစုအနေဖြင့် ဓါတ်မြေသြဇာ၊ ပိုးသတ်ဆေး၊ ရွက်ဖျန်းမြေသြဇာ စသည်တို့လည်း ဈေးကြီးလွန်းသဖြင့် ဝန်ထုပ်ဝန်ပိုးဖြစ်ရပြန်ပါသည်။ နွေသီးနှံအတွက် အစေ့ထုတ်ပြောင်း၊ နှမ်း၊ ပြောင်းစသည်တို့ကို စိုက်သော်လည်း သီးနှံထွက်သောအခါ တည်ငြိမ်သောဈေးကွက်မရှိသဖြင့် ဈေးကောင်းကောင်းမရကြပါ။ လယ်သမား၊ ကိုင်းသမားတို့သည် ထွက်ငွေနှင့် ဝင်ငွေမမျှတဘဲဆင်းရဲနေကြသည်ဟု ဆိုနိုင်ပါသည်။ အချို့မိသားစုများမှာ စားဝတ်နေရေး အဆင်မပြေသဖြင့် နိုင်ငံရပ်ခြားသို့သွား၍ အလုပ်လုပ်ကြရပါသည်။ ရွာသူရွာသားတို့၏ စီးပွားရေးမကောင်းမွန်သော်လည်း နိုင်ငံတော်၏ ပံ့ပိုးမှုဖြင့် ယခုအခါ မိန်းမလှကျွန်းကျေးရွာတွင် လျှပ်စစ်မီးရရှိပြီးဖြစ်ပါသည်။ လျှပ်စစ်မီးရရှိသဖြင့် လူနေမှုဘဝတိုးတက်ပြောင်းလဲလာခဲ့ပါပြီး၊ ဖအံ့-မိန်းမလှကျွန်းနှစ်ရွာကို ဆက်သွယ်မည့် ကုန်ထုတ်တံတားကြီး တစ်ခုကိုလည်း မကြာမီတည်ဆောက်မည်ဟုသိရသဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်မိပါသည်။ ရွာမှ ထွက်ရှိသောသီးနှံများ အချိန်တိုအတွင်း မော်လမြိုင်ဈေးကွက်ကို တင်ပို့နိုင်တော့မည်ဖြစ်ပါသည်။ လယ်သမား၊ ကိုင်းသမားတို့၏ ဘဝကို အကျိုးပြုစေမည့် တံတားဟုလည်း ဆိုနိုင်ပါသည်။ မကြာမီ ကျေးလက်နေပြည်သူတို့၏ ဘဝကို တိုးတက်ပြောင်းလဲစေမည်ဟု ယုံကြည်ပါသည်။

**(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု**

ရွှေ့ပြောင်းသွားလာလုပ်ကိုင်ခြင်းဖြင့် ရရှိလာသောဝင်ငွေကို မှီခိုနေရသော်လည်း ကျေးရွာတွင်းရာသီပေါ်လုပ်ငန်းများဖြစ်သော စိုက်ပျိုးရေးလုပ်ငန်း၊ လက်သမား၊ ပန်းရံလုပ်ငန်းများကိုလည်း လုပ်ကိုင်ကြပါသည်။ ကျေးရွာတွင် ဆင်းရဲနှင့်အလွန်ဆင်းရဲအိမ်ထောင်စုများကို ဝမ်းစာဖူလုံမှု စစ်တမ်းကောက်ယူရာတွင် ၆လမှ ၁၂လအထိ ဝမ်းစာဖူလုံမှုများသာရှိသည်ကို တွေ့ရှိရပါသည်။ တချို့အိမ်ထောင်စုများမှာ လယ်ယာပိုင်ဆိုင်ကြသော်လည်း ဝမ်းစာဖူလုံမှု မရှိသည်ကို တွေ့ရှိရပါသည်။ ကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အိုနှင့် မသန်စွမ်းသည့်သူ ရှိသော်လည်း ရပ်ကွက်မှ ဝိုင်းဝန်းကြည့်ရှုသည်ကိုတွေ့ရှိရပါသည်။ ဆင်းရဲသောမုဆိုးဖို/မများ အိမ်ထောင်စုများလည်းအနည်းငယ်ရှိပါသည်။ အခြားဒေသသို့သွားရောက်လုပ်ကိုင်သော မိသားစု များသည် ရာသီအလိုက် နေ့စားလုပ်ကိုင်သည်ကိုတွေ့ရှိရပါသည်။

တောင်သူများအနေဖြင့် မိမိတို့၏ တစ်နိုင်တစ်ပိုင် ဒေသထွက်ကုန်များမှာ ဈေးကွက်မရှိခြင်း၊ ကုန် ဈေးနှုန်းကျဆင်းခြင်း၊ စားသုံးသူနည်းပါးခြင်းများကြောင့် ထိခိုက်လွယ်မှု အခြေအနေမှာ အမြင့်ဆုံး အဆင့်သို့ရောက်ရှိနေပါသည်။ မြေယာမဲ့လက်လုပ်လက်စား ကျပန်းသမားများမှာ အလုပ်အကိုင်များ ရှားပါးနေသဖြင့် အပြင် ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်နေရသည့် လုပ်သားဦးရေမှာလည်း အများအပြားရှိနေပါသည်။

**(ဃ) ကျန်းမာရေးနှင့် အာဟာရ**

ကျွန်တော်တို့မိန်းမလှကျွန်းကျေးရွာတွင် အရံသားဖွားဆရာမ(၁)ဦးသာရှိပါသည်။ ဖအွံ့ကျေးလက်ကျန်းမာရေးဌာနခွဲ၏ ကျန်းမာရေးစောင့်ရှောက်မှုကို ခံယူရသောရွာဖြစ်ပါသည်။ ဖအွံ့နှင့် မိန်းမလှကျွန်းမှာ ဖအွံ့-ကော့ကျိုက်ချောင်းခြားနေသောကြောင့် သွားလာရခက်ခဲသဖြင့် ထုံးအိုင် တိုက်နယ်ဆေးရုံသို့ အဓိကထားသွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှုကို ခံယူကြရပါသည်။ သွားလာရန်ခက်ခဲခြင်း၊ လမ်းကြမ်းခြင်းတို့ကြောင့် မိန်းမလှကျွန်းကျေးရွာတွင် ကျန်းမာရေးဆေး ပေးခန်းတစ်ခုလိုအပ်နေပါသည်။

**(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ**

ကျေးရွာတွင် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ရှိပြီး အလယ်တန်းအောင်မြင်ပြီးသော ကျောင်းသားကျောင်းသူများသည် ၄မိုင်၂ဖာလုံကွာဝေးသော အ.ထ.က ထုံးအိုင်သို့ သွားရောက် ပညာသင်ယူကြရပါသည်။ ထိုသို့သွားသော ကျောက်ခင်းလမ်းမှာ ကြမ်းတမ်း၍ ပျက်စီးနေသော

ကြောင့် အခက်အခဲအနည်းငယ်ရှိပါသည်။ မူလတန်းလွန်အဆင့်ထိ ပြီးမြောက်သွားသော ကျောင်းသားဦးရေအချို့မှာ မိသားစုစီးပွားရေး မပြေလည်မှုကြောင့် ကျောင်းထွက်၍ အလုပ်လုပ်ကိုင်ကြရပါသည်။ အချို့မိဘများသည်လည်း ပညာရေးတွင် စိတ်ပါဝင်စားမှု နည်းပါးသည်ကို တွေ့ရှိရပါသည်။ ကျောင်းနေအရွယ်ကလေးများ အားလုံးလိုလိုပင် ပညာသင်ကြားကြပါသည်။ ကိုယ်ထူကိုယ်ထ မူကြိုကျောင်းရှိသော်လည်း မူကြိုကလေးငယ်များအတွက် သင်ထောက်ကူများ လုံလောက်စွာ မရှိသည်ကို တွေ့ရှိရပါသည်။ အသက်မွေးဝမ်းကျောင်းနှင့်ပတ်သက်၍ လူငယ်များနှင့် သင့်တော်သော အသက်မွေးဝမ်းကျောင်းပညာရပ်များ လာရောက်ပို့ချနည်းပြ ဖွင့်လှစ်ပေးမည်ဆိုပါက ကျေးရွာရှိလူငယ်များအတွက် တစ်ဖက်တစ်လမ်းမှ အကျိုးသက်ရောက်နိုင်မည်ဟု ယူဆပါသည်။

### (စ) ကျားမဆိုင်ရာဆက်နွယ်မှု

ကျေးရွာတွင် အမျိုးသား အမျိုးသမီး တန်းတူအခွင့်အရေး ရရှိသည်ဟု ယေဘုယျအားဖြင့် ပြောနိုင်ပါသည်။ ပညာရေးတွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်း သင်ကြားရာတွင် တန်းတူအခွင့်အရေး ရရှိသော်လည်း အထက်တန်းပညာအောင်မြင်ပြီးလျှင် သက်ဆိုင်ရာ သက်မွေးဝမ်းကျောင်းပညာရပ်များတွင်မူ အမျိုးသမီးများမှာ အမျိုးသားများထက် ရမှတ် ပိုမြင့်မှသာ သက်ဆိုင်ရာ ကျောင်းများကို တတ်ခွင့်ရရှိကြပါသည်။ လုပ်အားခမှာလည်း အမျိုးသားများက အမျိုးသမီးများထက်ပိုရကြပါသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင်မူ အမျိုးသမီးပါဝင်မှုတို့မှာ မရှိသေးပါ။ ကျေးရွာလူမှုရေးအဖွဲ့အစည်းများတွင်မှာမူ အမျိုးသမီးပါဝင်မှု အတော်အသင့် ရှိပါသည်။ ကျေးရွာစီမံအုပ်ချုပ်မှုအပိုင်းတွင် အမျိုးသမီးများ တတ်ကြွစွာပါဝင်လာနိုင်ရန်အတွက် အမျိုးသမီးစွမ်းဆောင်ရည်သင်တန်းများ၊ အသိပညာပေးဟောပြောပွဲများ ပြုလုပ်ပေးခြင်းဖြင့် ကျေးရွာတွင် ကျား၊ မ တန်းတူအခွင့်အရေးများ ပိုမို ဖွံ့ဖြိုးလာပါမည်။

## ၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် အဖွဲ့အစည်း(၇)ဖွဲ့ရှိပါသည်။ ရွာရှိအဖွဲ့အစည်းများသည် ၎င်းတို့၏ လုပ်ငန်းတာဝန်များကို မလစ်ဟင်းစေဘဲ စေတနာပါပါ အချိတ်အဆက်မိစွာ လုပ်ဆောင်ကြသည်ကို တွေ့ရှိရပါသည်။ သို့သော်လည်း အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည်သင်တန်းများ ကျင်းပပေးပါက ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုများ ယခုထက်ပိုမိုကောင်းမွန်လာမည်ဟု ယူဆမိပါသည်။ ကျေးရွာတွင် ဖွံ့ဖြိုးရေးဆိုင်ရာ ပြင်ပအဖွဲ့ အစည်းမရှိပါ။

## (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် စပါးကိုသာ အဓိက စိုက်ပျိုးပါသည်။ ကျေးရွာစိုက်ဧက စုစုပေါင်းစိုက်ဧက (၅၀၁)ဧက ရှိပါသည်။ ကျေးရွာတွင် မိုးရာသီ၌ လယ်လုပ်ငန်းလုပ်ကိုင်ကြပါသည်။ သဘာဝဘေး နှင့်ကြုံတွေ့၍ သံလွင်မြစ်ရေလျှံမှုကြောင့် စပါးများ ပျက်စီးသဖြင့် လယ်သမားများ ဒုက္ခရောက် ကြရပါသည်။ ဆောင်းသီးနှံအဖြစ် ပဲအမျိုးမျိုး၊ ပြောင်း၊ ပြုပ်၊ ခရမ်း၊ ခရမ်းချဉ်၊ ဂေါ်ဖီ၊ နှမ်း၊ မြေပဲ၊ သခွားများ စိုက်သောအခါတွင်လည်း မြေများထွန်ယက်ချိန်၌ ဓါတ်ဆီ၊ ဒီဇယ်စျေးများ အဆမတန် မြင့်တက်ခြင်းကြောင့် မြေထွန်ယက်စရိတ်ကြီးမြင့်စွာ ပေးဆောင်ရပါသည်။ သွင်းအားစု အနေဖြင့် ဓါတ်မြေသြဇာ၊ ပိုးသတ်ဆေး၊ ရွက်ဖျန်းမြေသြဇာ စသည်တို့လည်း စျေးကြီးလွန်းသဖြင့် ဝန်ထုပ် ဝန်ပိုးဖြစ်ရပြန်ပါသည်။ နွေသီးနှံအတွက် အစေ့ထုတ်ပြောင်း၊ နှမ်း၊ ပြောင်းစသည်တို့ကို စိုက်သော် လည်း သီးနှံထွက်သောအခါ တည်ငြိမ်သောစျေးကွက်မရှိသဖြင့် စျေးကောင်းကောင်း မရကြပါ။ ဖော် ပြပါအချက်များအား တောင်သူများအနေဖြင့် ဖြေရှင်းရန် အခက်အခဲများရှိနေပါသည်။

စိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်သောကြောင့် စိုက်ပျိုးရေးသုံးကိရိယာများ တစ်ဦးချင်း ပိုင်ဆိုင်မှုများပြားသည်ကိုတွေ့ရှိရပါသည်။

ကျေးရွာတွင် တပိုင်တနိုင် မွေးမြူရေးသာ လုပ်ကိုင်ပါသည်။ မွေးမြူရေးလုပ်ကိုင်ရန် အတွက် မြေနေရာအခက်အခဲရှိသည်ကို တွေ့ရှိရပါသည်။

## (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် စိုက်ပျိုးရေးမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများမှာ ကုန်စုံဆိုင်၊ အပ်ချုပ် ဆိုင်၊ လက်သမား၊ ပန်းရံ ၊ ပညာရေးဝန်ထမ်း၊ ကျန်းမာရေးဝန်ထမ်း၊ လူမှုရေးလုပ်ငန်းနှင့် ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံများသို့ သွားရောက်လုပ်ကိုင်သော အလုပ်အကိုင်များ ဖြစ်ပါသည်။ သို့သော် နေ့စဉ်ပုံမှန်ဝင်ငွေရလုပ်ငန်းများ မရှိပါ။ ကျပန်းလုပ်သားများ၏ တစ်နေ့လုပ်ခမှာ လုပ်သက်နှင့် အလုပ်အမျိုးအစားပေါ်လိုက်၍ ရရှိတတ်ကြပါသည်။ နေ့စားလုပ်ခများမှာလည်း အမျိုးသားလုပ်ခမှာ အမျိုးသမီး လုပ်ခထက် အမြဲသာပါသည်။

ကျေးရွာတွင် အလုပ်လုပ်ကိုင်နိုင်သော လူဦးရေမှာ များပြားပြီး ကျေးရွာ၏ လူသားရင်းမြစ် ကောင်းတစ်ရပ် ဖြစ်သော်လည်း အလုပ်အကိုင်အခွင့်အလမ်း အလွန်ရှားပါးပါသည်။ ထို့ကြောင့် ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံများသို့ သွားရောက်လုပ်ကိုင်ကြရပါသည်။ အလုပ်နှင့် လိုက်လျောညီ ထွေဖြစ်သော (သို့မဟုတ်) အသက်မွေးဝမ်းကျောင်းပြုနိုင်သော ပညာတစ်ခုခုကို တတ်မြောက်ခြင်း လည်း အလွန်နည်းပါးပါသည်။ လူငယ်အမျိုးသား၊ အမျိုးသမီးများ ပုံမှန်ဝင်ငွေရရန်အတွက် အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်းများ၊ ရင်းနှီးလုပ်ကိုင်ရန်အတွက်

ချေးငွေများ ပံ့ပိုးပေးနိုင်ပါက ကျေးရွာ၏အခြားဝင်ငွေရ လုပ်ငန်းများဖွံ့ဖြိုးတိုးတတ်လာပြီး ကျေးရွာ၏ စီးပွားရေး ဖွံ့ဖြိုးလာနိုင်ပါသည်။

## (ဃ) သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု

ကျွန်တော်တို့ကျေးရွာတွင် သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များကို စီမံခန့်ခွဲရန်အတွက် ကျေးရွာနေပြည်သူများမှာ တောင်သူတောင်သားများဖြစ်ကြ၍ မိရိုးဖလာ လုပ်ကိုင်မှု အလေ့အကျင့်သာရှိသောကြောင့် ခက်ခဲမှုများရှိပါသည်။ ကျေးရွာတွင် ငါးမျိုးကွဲများအတွက် အန္တရာယ်ရှိသော ငါးဖမ်းမှုများရှိပါသည်။ ဘတ္တရီ/လျှပ်စစ်ဖြင့်ရှော့တိုက်ခြင်း၊ ဆေးဖျန်းခြင်းတို့ကြောင့် အန္တရာယ်ကျရောက်မှုများသည်ကို တွေ့ရှိရပါသည်။

စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဘူးခွံများကို စနစ်တကျ မစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်ပါသည်။

## (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျွန်တော်တို့ကျေးရွာတွင် အတိုးနှုန်းနည်းပါးစွာဖြင့် ချေးငွေထုတ်ချေးပေးသော ပြင်ပအဖွဲ့အစည်းများ၏ အကူအညီမရှိပါ။ ကျေးရွာတွင် ငွေတိုးချေးသူ၊ မိတ်ဆွေ၊ ဆွေမျိုးများဆီမှ တစ်လလျှင် ၁၀ ကျပ်နှုန်းဖြင့် ချေးယူကြပါသည်။ ကျေးရွာသားအများစုသည် ချေးငွေကို အဓိကအားဖြင့် ရိက္ခာ၊ ဝင်ငွေရလုပ်ငန်း၊ ကျန်းမာရေး၊ ပညာရေးဆိုင်ရာကိစ္စရပ်များအတွက် ချေးယူကြပါသည်။ များသောအားဖြင့် ကျေးရွာတွင် ငွေကြေးလက်လှမ်းမီမှု အားနည်းနေသည်ကို တွေ့ရှိရပါသည်။ ကျေးရွာတွင် မြစိမ်းရောင်ကဲ့သို့ အတိုးနှုန်းသက်သာသော ငွေစုငွေချေးစီမံကိန်း ရှိသည့်အတွက် အနည်းငယ်အဆင်ပြေသည်ကို တွေ့ရှိရပါသည်။

## (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ရှိပြီး အလယ်တန်းအောင်မြင်ပြီးသော ကျောင်းသားကျောင်းသူများသည် ၄မိုင်၂ဖာလုံကွာဝေးသော အ.ထ.က ထုံးအိုင်သို့ သွားရောက်ပညာသင်ယူကြရပါသည်။ ထိုသို့သွားသော ကျောက်ခင်းလမ်းမှာ ကြမ်းတမ်း၍ ပျက်စီးနေသောကြောင့် အခက်အခဲအနည်းငယ်ရှိပါသည်။ မူလတန်းလွန်အဆင့်ထိ ပြီးမြောက်သွားသော ကျောင်းသားဦးရေအချို့မှာ မိသားစုစီးပွားရေး မပြေလည်မှုကြောင့် ကျောင်းထွက်၍ အလုပ်လုပ်ကိုင်ကြရပါသည်။ အချို့မိဘများသည်လည်း ပညာရေးတွင် စိတ်ပါဝင်စားမှု နည်းပါးသည်ကို တွေ့ရှိရပါ

သည်။ ကျောင်းနေအရွယ်ကလေးများ အားလုံးလိုလိုပင် ပညာသင်ကြားကြပါသည်။ ကိုယ်ထူကိုယ်ထမှုကြို့ကျောင်းရှိသော်လည်း မူကြိုကလေးငယ်များအတွက် သင်ထောက်ကူများ လုံလောက်စွာမရှိသည်ကို တွေ့ရှိရပါသည်။

ကျွန်တော်တို့မိန်းမလှကျွန်းကျေးရွာတွင် အရံသားဖွားဆရာမ(၁)ဦးသာရှိပါသည်။ ဖအွံ့ကျေးလက်ကျန်းမာရေးဌာနခွဲ၏ ကျန်းမာရေးစောင့်ရှောက်မှုကို ခံယူရသောရွာဖြစ်ပါသည်။ ဖအွံ့နှင့် မိန်းမလှကျွန်းမှာ ဖအွံ့-ကော့ကျိုက်ချောင်းခြားနေသောကြောင့် သွားလာရခက်ခဲသဖြင့် ထုံးအိုင်တိုက်နယ်ဆေးရုံသို့ အဓိကထားသွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှုကို ခံယူကြရပါသည်။ သွားလာရန်ခက်ခဲခြင်း၊ လမ်းကြမ်းခြင်းတို့ကြောင့် မိန်းမလှကျွန်းကျေးရွာတွင် ကျန်းမာရေးဆေးပေးခန်းတစ်ခုလိုအပ်နေပါသည်။

မိန်းမလှကျွန်းကျေးရွာတွင် ရေတွင်း(၁၂)လုံး၊ ရေတုံကင်(၁၅၂)လုံးရှိပြီး ကျန်အိမ်ထောင်စုများမှာ မြစ်ရေကို အသုံးပြုကြပါသည်။ သောက်ရေ၊ သုံးရေနှင့်စိုက်ပျိုးရေးအတွက်အသုံးပြုမည့်ရေ လုံလောက်စွာရရှိပါသည်။ မိန်းမလှကျွန်းကျေးရွာသည် ရေအခက်အခဲမရှိဘဲ ရေအရင်းအမြစ်များ ပေါကြွယ်ဝသောရွာဖြစ်ပါသည်။ တစ်ရွာလုံးနီးပါးယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲကြသဖြင့် ရေကြောင့်ဆက်စပ်ဖြစ်ပွားတတ်သော ရောဂါဖြစ်ပွါးမှုများ နည်းပါးပါသည်။

### (ဆ)လူငယ်နှင့် ယဉ်ကျေးမှု

ကျွန်တော်တို့ကျေးရွာရှိ လူငယ်များသည် ကျေးရွာ၏ ရပ်ရေး၊ရွာရေးများတွင် ပါဝင်မှုအသင့်အတင့်သာရှိသည်ကို တွေ့ရှိရပါသည်။ ကျေးရွာစာကြည့်တိုက်တစ်ခုကို ယာယီတည်ထောင်ဖွင့်လှစ်ထားပါသည်။ စာကြည့်တိုက်မြေနေရာရရှိထားပြီးဖြစ်သော်လည်း အဆောက်အဦး ဆောက်လုပ်ရန် ကြိုးစားဆောင်ရွက်လျက်ရှိပါသည်။ လူငယ်ရိပ်သာမရှိသေးပါ။ လူငယ်များအတွက် အားကစားပစ္စည်းများ၊ ကစားကွင်းများလိုအပ်နေပါသည်။

### (ဇ) အခြေခံ အဆောက်အဦး – လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

ကျွန်တော်တို့ကျေးရွာ၏ လမ်းများမှာ ကွန်ကရစ်လမ်းများဖြစ်သောကြောင့် သွားရေးလာရေးအဆင်ပြေသည်ကို တွေ့ရှိရပါသည်။ ရွာတွင်တံတားမရှိပါ။ သယ်ယူပို့ဆောင်ရေးအနေဖြင့် မော်တော်ဆိုင်ကယ်ကို အများဆုံးအသုံးပြုကြပါသည်။

ကျေးရွာရှိအိမ်ထောင်စု အများစုမှာ မဟာဓါတ်အားလိုင်းကို သွယ်တန်းအသုံးပြုနေကြပြီး ကျန်အိမ်ထောင်စုများမှာ ဆိုလာမီးကို အသုံးပြုကြပါသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမှီ

အသုံးပြုနိုင်ကြသည်။ အိမ်တိုင်းနီးပါးမျှ လက်ကိုင်ဖုန်း အသုံးပြုနေကြပြီဖြစ်သည်။ ကျွန်တော်တို့ ကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်တို့ကို ရေဒီယို၊ တီဗွီ၊ စလောင်းတို့မှ သိရှိနိုင်သည်။ အမ်ပီတီလိုင်းနှင့်တယ်လီနောလိုင်းသည် အသင့်အတင့် အနေအထားတွင်ရှိပါသည်။ ကျေးရွာတွင် အင်တာနက် အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာကောင်းမွန်ပြီး အခြားသတင်း အချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။ ကျေးရွာတွင် စာကြည့်တိုက် အဆောက် အဦအတည်တကျမရှိသေးပါ။ ယာယီသာဖွင့်လှစ်ထားပါသည်။

**(ဈ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး**

ကျွန်တော်တို့ကျေးရွာတွင် ခိုးမှုနှင့် မူးယစ်ဆေးသုံးစွဲမှု အနည်းငယ်ရှိပါသည်။ ရွာတွင် မူးယစ်ဆေးဝါးဆိုင်ရာ အသိပညာပေးဆောင်ရွက်မှုများ လုပ်ဆောင်ပေးရန်လိုအပ်ပါသည်။

## ၅။ ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

**(က) ဖွံ့ဖြိုးရေး အတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ**

ကျေးရွာတွင် လျှပ်စစ်မီးကို မဟာဓါတ်အားလိုင်းမှ ချိတ်ဆက်သုံးစွဲနိုင်ကြသဖြင့် ထင်း သက်သာသည့် လျှပ်စစ်မီးဖိုဖြင့်ချက်ပြုတ်ခြင်း၊ ကျောင်းသူကျောင်းသားများအတွက် စာဖတ်ချိန် အထောက်အပံ့ဖြစ်ခြင်း၊ အားလပ်ချိန်များတွင် ဗဟုသုတရဖွယ် သုတ၊ရသနှင့် သတင်းအစုံအလင် အား တီဗွီဖန်သားပြင်မှ ကြည့်ရှုနိုင်ခြင်း စသောလူနေမှုအဆင့်အတန်း မြင့်မားလာရေးအတွက် အထောက်အကူ ပြုနေသည်။

လူဦးရေအားလုံး၏ ၇၁% ခန့်သည် အလုပ်လုပ်နိုင်သည့်အရွယ်များ ဖြစ်ကြသည်။ ဘွဲ့ရ အရေအတွက် အသင့်အတင့်ရှိပြီး ကျွမ်းကျင်မှုနှင့်အသက်မွေးဝမ်းကျောင်း သင်တန်းများအား လူငယ်များကိုလေ့ကျင့်သင်ကြားပေးခြင်းဖြင့် လူသားအရင်းအမြစ်များကို တိုးတက်ကောင်းမွန် စေပါမည်။ ကျေးရွာလူထု၏ ကျန်းမာရေးအခြေအနေမှာ ယေဘုယျအားဖြင့် ကောင်းမွန်ပြီး ကျန်းမာရေးပံ့ပိုးပစ္စည်းများနှင့် ဝန်ဆောင်မှုများသို့လည်း အလွယ်တကူ လက်လှမ်းမှီနိုင်ကြသည်။ အလုပ်အကိုင်အခွင့်အလမ်းနှင့် ပတ်သက်ပြီး ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံများသို့ သွားရောက် လုပ်ကိုင်နိုင်ကြသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှု ဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမှီ အသုံးပြုနိုင်ကြသည်။ ကျေးရွာတွင် အင်တာနက် အသုံးပြုနိုင်မှုမှာ အသင့်အတင့်ကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။

**(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု**

ကျေးရွာ၏အဟန့်အတားနှင့်ပတ်သက်ပြီး ကျေးရွာတွင် အလယ်တန်းအောင်မြင်ပြီးသော ကျောင်းသားကျောင်းသူများသည် ၄မိုင်၂ဖာလုံကွာဝေးသော အ.ထ.က ထုံးအိုင်သို့ သွားရောက်ပညာသင်ယူကြရပါသည်။ ထိုသို့သွားသော ကျောက်ခင်းလမ်းမှာ ကြမ်းတမ်း၍ ပျက်စီးနေသောကြောင့် အခက်အခဲအနည်းငယ်ရှိပါသည်။ ကျန်းမာရေးအတွက်ဆိုလျှင်လည်း ထိုလမ်းကြမ်းကို အသုံးပြုနေရသဖြင့် အဆင်မပြေမှုများရှိသည်ကို တွေ့ရှိရပါသည်။

အလုပ်အကိုင်အခွင့်အလမ်းများနည်းပါးသဖြင့် ထိုင်းနိုင်ငံနှင့်မလေးရှားနိုင်ငံများသို့ အများစုမှာ သွားရောက်လုပ်ကိုင်ကြရသဖြင့် ရွှေ့ပြောင်းသွားလာသူများမှာ အလုပ်ကျွမ်းကျင်မှုခက်ခဲခြင်း၊ ဘာသာစကားခက်ခဲမှု၊ နေရေးထိုင်ရေးခက်ခဲမှုများ ကြုံတွေနိုင်သည့်အတွက် ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်လျှင် ပိုမိုအဆင်ပြေနိုင်ပါသည်။

**၆။ ပန်းတိုင်နှင့် မဟာဗျူဟာ**
**(က) ဖွံ့ဖြိုးရေးပန်းတိုင်**

(က.၁) ကျွန်တော်တို့ကျေးရွာတွင် လမ်းပန်းဆက်သွယ်ရေးပိုမိုကောင်းမွန်လာအောင် ကျေးရွာတွင်းလမ်းနှင့် ရွာချင်းဆက်လမ်များ ကောင်းမွန်အောင် ပြုလုပ်ဆောင်ရွက်သွားပါမည်။
(က.၂) ကျွန်တော်တို့ကျေးရွာတွင် မူလတန်းကျောင်း၏ အခင်း၊အမိုးများ အသစ်ပြန်လည်ပြုပြင်ခြင်းနှင့်စာကြည့်တိုက်များ တည်ဆောက်ခြင်းများမှတဆင့် ပညာရေးဝန်ဆောင်မှု ကောင်းမွန်လာစေရန်၊ ဆေးပေးခန်းတည်ဆောက်ခြင်းမှတဆင့် ကျန်းမာရေးဝန်ဆောင်မှု ကောင်းမွန်လာစေရန်နှင့် လူငယ်အခွင့်အလမ်းများ ပိုမိုကောင်းမွန်လာစေအောင် ဆောင်ရွက်သွားပါမည်။

**(ခ) အကောင်အထည်ဖော်နည်းဗျူဟာ**

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

- ရွာချင်းဆက်လမ်းအားကွန်ကရစ်လမ်းခင်းခြင်း
- ရွာတွင်းလမ်းအားကွန်ကရစ်ခင်းခြင်း
- မူလတန်းကျောင်း၏အခင်း၊အမိုးများအသစ်ပြန်လည်ပြုပြင်ခြင်း
- စာကြည့်တိုက်တည်ဆောက်ခြင်း

- ဆေးပေးခန်းတည်ဆောက်ပေးခြင်း

## ၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့် ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါမည်-

(က) ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ

မွေးမြူရေးလုပ်ကိုင်လိုသူများ၊ စိုက်ပျိုးရေးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ လုက်ကိုင်နေသူများအတွက် ရင်းနှီးလုပ်ကိုင်နိုင်ရန် အတိုးနှုန်းသက်သာသော ငွေစုငွေချေးအဖွဲ့များ နှင့် ချိတ်ဆက်ပေးသင့်ပါသည်။

(ခ) ဒေသနှင့်ကိုက်ညီသောလုပ်ငန်းများ ဖန်တီးပေးရေး

ကျေးရွာတွင် နေ့စဉ်ဝင်ငွေရလုပ်ငန်းများ မရှိခြင်း၊ ရာသီချိန်အလုပ်ကိုသာမှီခိုနေရခြင်းတို့ကြောင့် ဆင်းရဲသားလက်လုပ်လက်စား ကျဘမ်းသမားများမှာ စားဝတ်နေရေး အခက်အခဲရှိပါသည်။ ထို့ကြောင့် ကျဘမ်းသမားများအတွက် ဒေသနှင့် ကိုက်ညီသော အလုပ်အကိုင်များ ဖန်တီးပေးခြင်း၊ အသက်မွေးဝမ်းကျောင်းသင်တန်း များဖန်တီးပေးခြင်းများ ပြုလုပ်ပေးသင့်ပါသည်။

## ၈။စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

ဗျူဟာဆိုသည်မှာ ချမှတ်ထားသော ပန်းတိုင်များကို ရောက်ရှိရန် အကောင်ထည်ဖော်မည့်နည်းလမ်းဖြစ်သည်။ နည်းလမ်းဆိုသည်မှာ မည်သည့်စီမံချက်များကို မည်သို့အကောင်ထည်ဖော်မည် ဆိုသည့်သဘောပင်ဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ချမှတ်ထားသော ပန်းတိုင်များကိုရောက်ရှိရန် ငါးနှစ်တာစီမံချက်ကာလအတွင်းပါဝင်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းအကောင် အထည်ဖော်မှု ဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

**(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်**

ကျေးရွာလူထုကငါးနှစ်တာအတွက် စီမံကိန်းရေးဆွဲစဉ်အချိန်က ဦးစားပေးအစီအစဉ်ချခဲ့သောစီမံကိန်း များသည်ငါးနှစ်တာလုံးအတွက်ပြီးပြည့်စုံပြီဟုမဆိုနိုင်ပါ။ ဦးစားပေးစီမံကိန်းအချို့ကို ရှေ့ပိုင်းနှစ်များတွင်ဆောင်ရွက်နေစဉ် နောက်ထပ်ဦးစားပေးစီမံကိန်းအသစ်များ ပေါ်လာပါမည်။ ပုံမှန်အားဖြင့် စနစ်တကျရေးဆွဲထားသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်မူဘောင်သည် သဘာဝဘေးအန္တရာယ်ဆိုးဆိုးဝါးဝါးမကျပါက ပြောင်းလဲမှုသိသိသာသာမရှိနိုင်ပဲ နောက်တိုးဦးစားပေး စီမံကိန်း လုပ်ငန်းအချို့ကို နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ထည့်သွင်းခြင်းအားဖြင့် အစဉ်သဖြင့် ငါးနှစ်တာ စီမံချက်တစ်ခု အသင့် အနေအထားတွင် ရှိနေပါမည်။

**(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း**

စီမံကိန်းများကိုမည်သည့်ဝန်ကြီးဌာန၊ ဦးစီးဌာနနှင့်သက်ဆိုင်သည်ဟု လုပ်ငန်းကဏ္ဍဆိုင်ရာအရ ခွဲခြားခြင်း (Functional classification) နှင့်စီးပွားရေး အကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက် ရောက်မှုဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification) ဟူ၍ နှစ်မျိုး ရှိသည်။

လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification)– ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification) တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ တို့ ပါဝင်သည်။

**(ဂ) ဦးစားပေးစီမံချက်များ**

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်

များဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာ အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာအောက်ပါအတိုင်းဖြစ်ပါသည်။

| ကဏ္ဍ/ကဏ္ဍခွဲ | စီမံချက် | ရမှတ် ပေါင်း | ဦးစားပေး အဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| *ကျေးရွာအဆောက်အအုံ* | ၁။ လမ်းပန်းဆက်သွယ်ရေးတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ခြင်း | ၉၇ | ၁ | • ရွာချင်းဆက်လမ်းအားကွန်ကရစ် လမ်းခင်းခြင်း | ကျေးလက်ဦးစီး |
| *ကျေးရွာအဆောက်အအုံ* | ၂။ လမ်းပန်းဆက်သွယ်ရေးတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ခြင်း | ၉၄ | ၂ | • ရွာတွင်းလမ်းအားကွန်ကရစ်ခင်းခြင်း | |
| *ပညာရေး* | ၃။ ကလေးပျော်၍ ဘက်စုံတော်စေသည့် ကျောင်းအဖြစ်ဖန်တီးတည်ဆောက်ခြင်း၊ | ၈၈ | ၃ | • မူလတန်းကျောင်း၏အခင်းအမိုးများအသစ်ပြန်လည်ပြုပြင်ခြင်း | - |
| *လူငယ်ဖွံ့ဖြိုးရေး* | ၄။ စွမ်းရည် မြှင့်အစီအစဉ် များလုပ်ဆောင်ခြင်း | ၈၂ | ၄ | • စာကြည့်တိုက် တည်ဆောက်ပေးခြင်း | - |

| | | | | |
|---|---|---|---|---|
| ***ကျန်းမာရေးကဏ္ဍ*** | | | | |
| | ၅။ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ခြင်း | ၇၆ | ၅ | • ဆေးပေးခန်းတည်ဆောက်ပေးခြင်း |

**(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ**

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့် ဦးစားပေး စီမံချက်များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေး မည်။

| စီမံချက် | အဆင့် | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ |
|---|---|---|---|---|---|---|
| ၁။ လမ်းပန်းဆက်သွယ်ရေးတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ခြင်း | ၁ | —— | | | | |
| ၂။ လမ်းပန်းဆက်သွယ်ရေးတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ခြင်း | ၂ | | —— | | | |
| ၃။ ကလေးပျော်၍ ဘက်စုံတော်စေသည့် ကျောင်းအဖြစ် ဖန်တီးတည်ဆောက်ခြင်း၊ | ၃ | | | —— | | |
| ၄။ စာကြည့်တိုက် တည်ဆောက်ပေးခြင်း | ၄ | | | | —— | |
| ၅။ ဆေးပေးခန်းတည်ဆောက်ပေးခြင်း | ၅ | | | | | —— |

## ၉။ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖေါ်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်း နမူနာ(indicative)အဖြစ် ကိုးကားရန်သာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက် ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီသည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ဝန်ဆောင်မှုပေးသည့်လုပ်ငန်းရှင်များထံမှ ဘတ်ဂျတ်အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီ များရရှိရန်လည်း လိုအပ်ပါသည်။ ဖေါ်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖေါ်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သော ထည့်ဝင်မှု၊ ဥပမာ လုပ်အား၊သဲ၊ကျောက်၊ ပစ္စည်းကိရိယာ၊အချိန် စသည်)

**စီမံချက်ဘတ်ဂျက်**

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | | လူသားချင်းစာနာမှုဆိုင်ရာထောက်ပံ့မှု |
| | | | | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | |
| ၁ | လမ်းပန်းဆက်သွယ်ရေးတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ခြင်း | | | √ | | |
| ၂ | လမ်းပန်းဆက်သွယ်ရေးတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ခြင်း | | | √ | | |
| ၃ | ကလေးပျော်၍ ဘက်စုံ တော်စေသည့် ကျောင်း အဖြစ် ဖန်တီး တည်ဆောက်ခြင်း၊ | | | √ | | |
| ၄ | စာကြည့်တိုက် တည်ဆောက်ပေးခြင်း | | | √ | | |
| ၅ | ဆေးပေးခန်းတည်ဆောက်ပေးခြင်း | | | √ | | |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုက ဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာကျေးရွာတွင်တာဝန်ရှိပါသည်။

### (၁၀-၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင် အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး ကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့်စီမံခန့်ခွဲရေးတာဝန်ကို အဓိကယူပါမည်။ အဖွဲ့အစည်း အသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက် နိုင်ရန်ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည် ကျေးရွာမူလတန်းကျောင်း၏ ပညာရေး အရည်အသွေး ကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာ လယ်ယာကုန်ထုတ်လမ်းအဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

## (၁၀-၂) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများအကောင်အထည်ဖော် ရာတွင် ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့ များကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သော အကူအညီများ ရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေး သင်ကြားမှု အရည်အသွေးတိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်း အထောက် အကူပြုလမ်း အဆင့်မြှင့်တင်ရန် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်ဆောက် လုပ်ရေးဌာနနှင့် ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများ ရယူရ ပါမည်။

## (၁၀-၃) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူ ဆောင်ရွက်ရမည့် ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါ အဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာအမှန်ပင် လိုအပ်ပါမည်-

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှု ဆိုင်ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့များ (နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေး အဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖော်ပြ ထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး

လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီက တာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသော ကော်မတီကိုဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

## ၁၀.၄ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေး အစီအစဉ်များထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ကို ဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာသယ်ယူမည့် ပစ္စည်းများ၏ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သော စည်းကမ်းများသတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အားတာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင် ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့် ဆောင်ရွက်ပါမည်။

## ၁၁။ စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှုအခြေအနေများအား စနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကိုပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်သောနည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ ၊ အိမ်ထောင်စုများ တက်ကြွစွာ အတူပူးပေါင်းဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်ငန်းများတည်ဆောက်ပါမည်။

**(၁၁-၁) ကြီးကြပ်စစ်ဆေးခြင်း(Monitoring)**

